Message Three

## လူသစ်တစ်ဦး၏ စေ့စပ်ထုံးဖွဲ့မှု -
## အရာအားလုံးပါဝင်သော၊ ကျယ်ပြန့်သော ခရစ်တော်သည် ရိုးရာယဉ်ကျေးမှုကို အစားထိုးခြင်း

ဖတ်ရန်ကျမ်း။ ။ ကော၊ ၁း၁၅-၁၈၊ ၂၇။ ၂း၉-၁၀၊ ၁၆-၁၈။ ၃း၄၊ ၁၀-၁၁

**I. ကျွန်ုပ်တို့သည် ကောလောသဲစာစောင်၏ နက်ရှိုင်းမှုအထဲသို့ ဝင်ရောက်သွားမည်ဆိုလျှင်၊ ဤစာစောင်၌ ပေါလုက လူသား ရိုးရာယဉ်ကျေးမှု၏ ဂုဏ်ထားသော အကြောင်းအရာကို ဆက်ဆံဖြေရှင်းထားကြောင်း ကျွန်ုပ်တို့မြင်ရလိမ့်မည်ဖြစ်သည်။**

A. ကောလောသဲ၊၃း၁၁ ရှိ *လူရိုင်း* ဟူ၍ ပေါလုအသုံးပြုထားသည့် စကားလုံးမှာ ဤဩဝါဒစာသည် ရိုးရာယဉ်ကျေးမှုကို ဆက်ဆံဖြေရှင်းထားကြောင်း အခိုင်အမာ ရည်ညွှန်းနေသည်။

B. ရိုးရာယဉ်ကျေးမှုသည် ကျွန်ုပ်တို့က ကျွန်ုပ်တို့၏ဖြစ်ခြင်း ဖြစ်တည်ရန်နှင့် ထိန်းထားခြင်းအတွက် တည်ဆောက်ပြုပြင်ခဲ့သည့် နည်းစနစ်ကျကျ နည်းလမ်းဖြစ်သည် - က၊၄း၁၆-၂၂။

1. ရိုးရာယဉ်ကျေးမှုသည် လူသားဖြစ်ခြင်းမှန်သမျှ၏ သတိမမူမိသော အသက်ရှင်မှုဖြစ်သည် - ဧ၊၂း၂-၃။ ၄း၁၇။
2. မြေတစ်ပြင်လုံးရှိ လူများသည် သူတို့၏ရိုးရာယဉ်ကျေးမှု၏ လွှမ်းမိုးမှုအောက်တွင် ရှိနေကြသည်။

C. ရိုးရာယဉ်ကျေးမှုသည် ကောလောသဲမြို့ရှိ ယုံကြည်သူများအပေါ် အခိုင်အမာ လွှမ်းမိုးမှု ရှိနေသကဲ့သို့ ယနေ့ ရိုးရာယဉ်ကျေးမှုသည် ကျွန်ုပ်တို့အပေါ် အခိုင်အမာ လွှမ်းမိုးခြင်း ပြုနေသည် - ကော၊၂း၈-၁၀၊ ၁၆-၁၈။

1. သတိမမူမိဘဲ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့မွေးဖွားလာခဲ့သည့် ရိုးရာယဉ်ကျေးမှု၏ လွှမ်းမိုးမှုအောက်တွင် ရှိကြလေသည်။ ဤရိုးရာယဉ်ကျေးမှု၏ ဒြပ်သဘာဝများသည် ကျွန်ုပ်တို့ဖြစ်ခြင်း၏ အစိတ်အပိုင်း ဖြစ်နေသည် - ဂလ၊၄း၃၊ ၉။ ကော၊၂း၈၊ ၂၀။
2. ကျွန်ုပ်တို့သည် အသင်းတော်အသက်တာအထဲသို့ ရောက်လာသောအခါ ကျွန်ုပ်တို့၏ရိုးရာယဉ်ကျေးမှုကို ကျွန်ုပ်တို့နှင့်အတူ ယူဆောင်လာကြသည်၊ ဤရိုးရာယဉ်ကျေးမှုသည် ခရစ်တော်နှင့် အသင်းတော်အသက်တာကို မွေ့လျော်ဝမ်းမြောက်ခြင်းအား လျော့ပါးခြင်း ရှိစေသည်။
3. အသင်းတော်အသက်တာ၌ တုနှိုင်းရာမဲ့ ဒြပ်သဘာဝဖြစ်သည့် ခရစ်တော်သည် ရိုးရာယဉ်ကျေးမှုအားဖြင့် ကြီးမားသော အတိုင်းအတာအထိ အစားထိုးခြင်း ခံနေရသည် - အငယ်၊၈။ ၃း၁၁။
   a. မသိမသာဖြင့်၊ သတိမမူမိဘဲ ကျွန်ုပ်တို့အားလုံးသည် မိမိတို့၏ရိုးရာယဉ်ကျေးမှုကို တန်ဖိုးထားကြကာ၊ ကျွန်ုပ်တို့၏အထူးဖြစ်သော ယဉ်ကျေးမှုဆိုင်ရာ နောက်ခံအပေါ် အထူးအလေးထား တန်ဖိုးထားတတ်ကြသည်။
   b. အသင်းတော်အသက်တာ၌ ခရစ်တော်သည် အခြားအရာမှန်သမျှထက် ရိုးရာယဉ်ကျေးမှုအားဖြင့် ပို၍ အစားထိုးခံရသည် - အငယ်၊၁၁။

**II. ကောလောသဲစာစောင်က အရာအားလုံးပါဝင်သော၊ ကျယ်ပြန့်သော ခရစ်တော်သည် ဘုရားသခင်၏စီမံကိန်း၌ အရာခပ်သိမ်းဖြစ်သည် - ၁း၁၅-၁၈၊ ၂၇။**

A. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ထံသို့ အရာခပ်သိမ်းဖြစ်သော ဤအံ့ဩဖွယ်သော ခရစ်တော်၏ ရူပါရုံကို ရှင်းလင်းမှု ရှိရမည်။

B. ထိုသို့သော ရူပါရုံသည် ခရစ်တော်ကို တွေ့ကြုံခံစားခြင်းနှင့် အသင်းတော်အသက်တာအပေါ် ရိုးရာယဉ်ကျေးမှု၏ လွှမ်းမိုးမှုကို အဆုံးသတ်ပေးကာ၊ ကျွန်ုပ်တို့သည် ယဉ်ကျေးမှုရှိသောလူများ ဖြစ်ခြင်းအစား၊ ခရစ်တော်ဖြင့် သိမ်းပိုက်လွှမ်းမိုးခြင်း၊ ပိုင်ဆိုင်ခံရခြင်း၊ စိမ့်ဝင်ခံရခြင်း ရှိလိမ့်မည်ဖြစ်သည် - ၃း၁၁ခ။

**III. ပထမနေရာရှိသော၊ အရာအားလုံးပါဝင်သော၊ ကျယ်ပြန့်သော ခရစ်တော်သည် ကျွန်ုပ်တို့၏အသက်ဖြစ်ကာ၊ လူသစ်တစ်ဦး၏တုနှိုင်းရာမဲ့ စေ့စပ်ထုံးဖွဲ့မှုဖြစ်သည် - အငယ်၊၄၊ ၁၀-၁၁။**

A. လူသစ်ဖြစ်သည့် အသင်းတော်၏ စေ့စပ်ထုံးဖွဲ့မှုသည် ခရစ်တော်နှင့် ခရစ်တော်တစ်ပါးတည်းသာဖြစ်သည်။ အသင်းတော်၏ ပါဝင်သောအရာသည် အရာအားလုံးပါဝင်သော၊ ကျယ်ပြန့်သော ခရစ်တော်မှလွဲ၍ အခြားမရှိပါ - ၁း၁၅-၁၈။ ၂း၉-၁၀။

B. ကျွန်ုပ်တို့၏အသက်နှင့် လူသစ်တစ်ဦး၏စေ့စပ်ထုံးဖွဲ့မှုအဖြစ် အရာအားလုံးပါဝင်သော၊ ကျယ်ပြန့်သော ခရစ်တော်သည် ကျွန်ုပ်တို့၏ရိုးရာယဉ်ကျေးမှုကို မိမိကိုယ်တော်တိုင်ဖြင့် အစားထိုးနေသည် - ၃း၁၁။

C. ကျွန်ုပ်တို့၏ ဝေစုဖြစ်သော ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်း၏ ရလဒ်မှာ ကိုယ်တော်ကို လူသစ်တစ်ဦး၏ ပါဝင်သောအရာနှင့် စေ့စပ်ထုံးဖွဲ့မှုအဖြစ် ကျွန်ုပ်တို့တွေ့ကြုံခံစားရခြင်း ဖြစ်ပြီး၊ အဆုံးစွန်အနေဖြင့် ကျွန်ုပ်တို့မွေ့လျော်ဝမ်းမြောက်သည့် ခရစ်တော်သည် လူသစ်၏ စေ့စပ်ထုံးဖွဲ့မှုဖြစ်လာသည် - ၁း၁၂။ ၃း၁၁။

D. ကောလောသဲ၊၃း၁၁ အရ လူသစ်၌ အမျိုးမျိုးသော ရိုးရာယဉ်ကျေးမှု မတူညီမှုများ ဆက်လက်တည်ရှိနေရန် မဖြစ်နိုင်တော့ပါ။

1. လူသစ်တစ်ဦး၌ မည်သည့် ယဉ်ကျေးမှုဆိုင်ရာ မတူညီမှုမျှ မရှိပါ၊ အကြောင်းမှာ လူသစ်၏ အစိတ်အပိုင်းတိုင်းကို ခရစ်တော်ဖြင့် စေ့စပ်ထုံးဖွဲ့ထားခြင်းဖြစ်သည် - အငယ်၊၁၁။
2. လူသစ်ဖြစ်သည့် အသင်းတော်၌ မည်သည့်လူမျိုးနွယ်၊ နိုင်ငံသား၊ ယဉ်ကျေးမှု သို့မဟုတ် လူမှုရေးရာအဆင့်အနေအထား၏ ဘာသာရေးဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ သို့မဟုတ် နိုင်ငံသားဆိုင်ရာ မတူညီကွဲပြားမှုများအတွက် အခန်းမရှိပါ။

E. ခရစ်တော်သည် လူသစ်၏ တုနှိုင်းရာမဲ့သော စေ့စပ်ထုံးဖွဲ့မှု ဖြစ်သောကြောင့်၊ ဤလူသစ်၏အစိတ်အပိုင်း ဖြစ်ကြသည့် ယုံကြည်သူများအလယ်တွင် မည်သည့်ခြားနားမှုမျှ မရှိရပေ၊ အသင်းတော်များအလယ်တွင် မည်သည့်ခြားနားမှုမျှ မရှိရပေ - ၁ကော၊၄း၁၇။ ဗျာ၊၁း၁၂၊ ၂၀။ ၂၂း၁၆။

## IV. လူသစ်၏စေ့စပ်ထုံးဖွဲ့မှုအဖြစ် ခရစ်တော်သည် အလုံးစုံဖြစ်ကာ၊ အလုံးစုံတို့၌ရှိတော်မူသည်။ ခရစ်တောသည် အင်္ဂါဝင်များအားလုံးဖြစ်ကာ၊ ကိုယ်တော်သည် အင်္ဂါဝင်များအားလုံး၌ ရှိတော်မူသည် - ကော၊၃း၁၁။

A. လူသစ်ဖြစ်သော အသင်းတော်၌ ခရစ်တော်သည် အယောက်စီတိုင်းဖြစ်ကာ၊ ကိုယ်တော်သည် အယောက်စီတိုင်း၌ ရှိတော်မူသည် - ၁း၂၇။ ၃း၁၁။

B. တစ်ဖက်တွင် လူသစ်၌ ဇာတိလူအတွက် မည်သည့်နေရာမျှ မရှိပါ၊ အကြောင်းမှာ ခရစ်တော်သည် အင်္ဂါဝင်များအားလုံးဖြစ်သောကြောင့်တည်း။

C. အခြားတစ်ဖက်တွင် ခရစ်တော်သည် အလုံးစုံဖြစ်ခြင်းက အင်္ဂါဝင်များသည် ဆက်လက် ဖြစ်တည်နေဆဲဖြစ်ကာ၊ ခရစ်တော်မပါဘဲ ဖြစ်တည်ခြင်းမဟုတ်ဘဲ၊ ခရစ်တော်အားဖြင့် ကိန်းဝပ်ခံရခြင်းဖြင့် ဖြစ်သည် - ၁း၂၇။

D. ကျွန်ုပ်တို့သည် ခရစ်တော်ကို ကျွန်ုပ်တို့၏အသက်နှင့် စေ့စပ်ထုံးဖွဲ့မှုအဖြစ် ယူဆောင်သောအခါ၊ အတွင်းနက်နဲ၌ ကျွန်ုပ်တို့သည် ခရစ်တော်နှင့်အတူ တစ်လုံးတစ်ဝဖြစ်ကာ၊ ခရစ်တော်သည် ကျွန်ုပ်တို့ဖြစ်ကြောင်း အာရုံခံစားမှုရှိကြကာ၊ ခရစ်တော်သည် ကျွန်ုပ်တို့၌ ရှိနေကြောင်း ပို၍နက်ရှိုင်းသည့် အာရုံခံစားမှု အလိုအလျောက် ရှိလာကြသည် - ၃း၄။

E. လူသစ်ဖြစ်သည့် အသင်းတော်၌ ခရစ်တော်သည် အရာခပ်သိမ်းဖြစ်သည်။ ဤအရာက ယုံကြည်သူများအားလုံးသည် ခရစ်တော်ဖြင့် စေ့စပ်ထုံးဖွဲ့ခံရမည်ဖြစ်ကြောင်း ညွှန်ပြနေသည် - ၁း၁၅-၁၈။ ၂း၁၆-၁၇။ ၃း၄၊ ၁၀-၁၁။

1. ကျွန်ုပ်တို့သည် ခရစ်တော်ဖြင့် စိမ့်ဝင်ပျံ့နှံ့ခြင်း ခံရမည်၊ ခရစ်တော်ဖြင့် ပျော်ဝင်ပြည့်ဝခြင်း ရှိရမည်၊ ခရစ်တော်ကို ကျွန်ုပ်တို့ဖြစ်ခြင်းအထဲသို့ အသက်ဆိုင်ရာ ယူဆောင်ခြင်း ရှိရမည်ဖြစ်သည် - ဂလ၊၄း၁၉။ ဧ၊၃း၁၇က။
2. နောက်ဆုံးတွင် ကျွန်ုပ်တို့သည် ခရစ်တော်အားဖြင့် အစားထိုးခံရလိမ့်မည်ဖြစ်ကာ၊ ထိုနောက် စစ်မှန်ခြင်း၌ ခရစ်တော်သည် အလုံးစုံဖြစ်ကာ၊ အလုံးစုံတို့၌ရှိတော်မူမည်ဖြစ်သည်။ ကိုယ်တော်သည် လူသစ်၏အစိတ်အပိုင်းတိုင်းဖြစ်လိမ့်မည် - ကော၊၃း၁၁ခ။

F. လူသစ်သည် သန့်ရှင်းသူများအားလုံး၌ရှိသည့် ခရစ်တော်ဖြစ်ကာ၊ ဇာတိဆိုင်ရာ ကွဲပြားခြားနားမှုများအားလုံး အဆုံးသတ်သွားသည့်တိုင် ကျွန်ုပ်တို့ကို စိမ့်ဝင်ပျံ့နှံ့ကာ၊ ကျွန်ုပ်တို့ကို အစားထိုးနေပြီး၊ အယောက်စီတိုင်းသည် ခရစ်တော်ဖြင့် စေ့စပ်ထုံးဖွဲ့ခြင်း ခံရလိမ့်မည်ဖြစ်သည် - ဂလ၊၄း၁၉။ ၆၊၃း၁၇က။ ကော၊၁း၂၇။

G. ကျွန်ုပ်တို့၌ ခရစ်တော်ကို လုံလောက်သည့် တွေ့ကြုံခံစားမှုနှင့်အတူ အရာအားလုံးပါဝင်သော၊ ကျယ်ပြန့်သော ခရစ်တော်၏ ရုပါရုံ ရှိသောအခါ၊ လူသစ်တစ်ဦးသည် ကျွန်ုပ်တို့အလယ်တွင် လက်တွေ့ကျသောနည်းလမ်း၌ ပေါ်ထွန်းလာမည်ဖြစ်ကာ၊ ကျွန်ုပ်တို့သည် လူသစ်၏အသက်တာကို သိနားလည်လာမည်ဖြစ်သည် - ၃း၁၀-၁၇။ ဖိလေ၊၁၀-၁၆။

H. ခရစ်တော်သည် သန့်ရှင်းသူများအားလုံး၏ အသက်ရှင်ခြင်းဖြစ်လာမည်ဆိုလျှင် ကိုယ်တော်သာလျှင် လူသစ်၌ရှိကာ၊ သန့်ရှင်းသူများအားလုံးသည် မည်သည့်နိုင်ငံသားဖြစ်နေပါစေ၊ ခရစ်တော်ကို အသက်ရှင်ကြလိမ့်မည်ဖြစ်သည်။ ထိုအခါ စစ်မှန်သော၊ လက်တွေ့ကျသော နည်းလမ်း၌ ခရစ်တော်သည် လူသစ်၏ အင်္ဂါဝင်များအားလုံးဖြစ်လိမ့်မည်ဖြစ်သည် - ကော၊၃း၁၁။ ဖိ၊၁း၂၁က။

**V. ယေရုရှလင်မြို့သစ်သည် လူသစ်တစ်ဦး၏ နောက်ဆုံး ပြီးမြောက်ပြည့်စုံခြင်းဖြစ်လိမ့်မည်ဖြစ်သည် - ၆၊၂း၁၅-၁၆။ ၄း၂၄။ ကော၊၃း၁၀-၁၁။ ဗျာ၊၂၁း၂၊ ၉-၁၀။**

A. ကျွန်ုပ်တို့သည် ယေရုရှလင်မြို့သစ်ဖြစ်လာကြသောအခါ စကြဝဠာဆိုင်ရာလူသစ်တစ်ဦး၏ အသက်တာကို ကျွန်ုပ်တို့ မွေ့လျော်ဝမ်းမြောက်ကြလိမ့်မည်ဖြစ်သည်။

B. ယနေ့ ဤမွေ့လျော်ဝမ်းမြောက်မှု၏ ကြိုတင်မြည်းစမ်းမှုကို အရာအားလုံးပါဝင်သော၊ ကျယ်ပြန့်သော ခရစ်တော်အား ကျွန်ုပ်တို့၏ ရိုးရာယဉ်ကျေးမှုအား အစားထိုးစေခြင်း၊ ကျွန်ုပ်တို့ကို မိမိကိုယ်တော်တိုင်ဖြင့် စေ့စပ်ထုံးဖွဲ့စေခြင်းနှင့် ကျွန်ုပ်တို့အားလုံးကို စစ်မှန်ခြင်းနှင့် လက်တွေ့ကျကျဖြင့် လူသစ်တစ်ဦး၏ အစိတ်အပိုင်းဖြစ်စေခြင်း အခွင့်ပေးခြင်းအားဖြင့် မြည်းစမ်းနိုင်မည်ဖြစ်သည် - ကော၊၁း၂၇။ ၂း၁၀။ ၃း၄၊ ၁၀-၁၁။

© 2020 Living Stream Ministry